# စုပေါင်းအသက်အာမခံ
# ခံစားခွင့်နှင့် စည်းကမ်းချက်များ

## အကျိုးခံစားခွင့်

**သေဆုံးခြင်း**

အာမခံထားသူများစာရင်းတွင် ပါဝင်သည့် အလုပ်သမားတစ်ဦးဦးသည် အာမခံသက်တမ်းအတွင်း သေဆုံးပါက အာမခံထားငွေကို အလုပ်ရှင်မှတစ်ဆင့် အကျိုးခံစားခွင့်လွှဲပြောင်းခြင်းခံရသူသို့ တစ်ကြိမ်တည်း ထုတ်ပေးပါမည်။

**ဒဏ်ရာရရှိခြင်း**

အာမခံထားသူများစာရင်းတွင် ပါဝင်သည့် အလုပ်သမားတစ်ဦးဦးသည် ထိခိုက်ဒဏ်ရာရရှိလျှင် အောက်ပါ လျော်ကြေးနှုန်းထားများအတိုင်း ရပိုင်ခွင့်ရှိပါသည်။

| ဒဏ်ရာ | အာမခံထားငွေ |
|---|---|
| (၁) ထာဝစဉ်မသန်စွမ်းဖြစ်၍ အလုပ်မလုပ်နိုင်ခြင်း | ၁၀၀% |
| (၂) မျက်စေ့တစ်ဖက်လုံးဝကွယ်ခြင်း | ၅၀% |
| (၃) လက်တစ်ဖက်လုံးဝပြတ်ခြင်း | ၅၀% |
| (၄) ခြေတစ်ဖက်လုံးဝပြတ်ခြင်း | ၅၀% |
| (၅) နားတစ်ဖက်လုံးဝပင်းခြင်း | ၂၅% |
| (၆) လက်တစ်ဖက်ကျိုးခြင်း | ၂၅% |
| (၇) ခြေတစ်ဖက်ကျိုးခြင်း | ၂၅% |

**အကျိုးခံစားခွင့် အကျုံးမဝင်သည့် အချက်များ**

(၁) မိမိကိုယ်ကိုသတ်သေခြင်း။

(၂) မူးယစ်ဆေးဝါးသုံးစွဲခြင်း။

(၃) အာမခံထားသူများစာရင်းတွင်ပါသော အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်မှ အပြီးထွက်သွားလျှင်သော်လည်းကောင်း၊ ထုတ်ပယ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ယင်းနေ့ရက်နောက်ပိုင်း ဖြစ်ပေါ်လာသော သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းအတွက် နစ်နာကြေးရခွင့်မရှိပါ။

(၄) အလုပ်သမားကိုယ်တိုင် ပြစ်မှုကျူးလွန်ရာမှ ထိခိုက်ဒဏ်ရာ ရရှိခြင်းအတွက် နစ်နာကြေးရခွင့်မရှိပါ။

(၅) အလုပ်သမားကိုယ်တိုင် ဒဏ်ရာရရှိအောင် ဆောင်ရွက်ခြင်းမှရရှိသော ဒဏ်ရာအတွက် နစ်နာကြေးရခွင့်မရှိပါ။

## စည်းကမ်းချက်များ

(၁) စုပေါင်းအသက်အာမခံကို အလုပ်သမားအနည်းဆုံး (၅) ဦးရှိမှသာ လက်ခံပါမည်။

(၂) အသက် (၁၈) နှစ် မှ (၆၅) နှစ် အထိ မျက်မြင်အားဖြင့် ကျန်းမာရေးကောင်းမွန်သည့် အလုပ်သမားတိုင်း အာမခံထားခွင့်ရှိပါသည်။ အသက် (၁၈) နှစ် မှ (၄၅) နှစ် အထိ မျက်မြင်အားဖြင့် ကျန်းမာရေးကောင်းမွန်သည့် အလုပ်သမားများအား အာမခံထားငွေ ကျပ် (၁) သန်း အထိ ဆေးစစ်ခြင်းကင်းလွတ်ခွင့်ဖြင့် လက်ခံပါမည်။ အသက် (၄၅) နှစ် ကျော်လျှင်သော်လည်းကောင်း၊ အာမခံထားငွေ ကျပ် (၁) သန်း ကျော်လျှင်သော်လည်းကောင်း အထူးကုဆရာဝန်၏ ဆေးစစ်ချက်ဖြင့် လက်ခံပါမည်။ အာမခံထားသူမှ မိမိ၏ကုန်ကျစရိတ်ဖြင့် ရောမြန်မာအသက်အာမခံကုမ္ပဏီလီမိတက်၏ သတ်မှတ်ချက်နှင့်အညီ ဆေးစစ်ပေးရပါမည်။

(၃) အလုပ်သမားတစ်ဦးအတွက် အာမခံထားငွေကို အနည်းဆုံး ကျပ် (၁) သောင်း မှ အများဆုံး ကျပ် သန်း (၅၀) အထိ လက်ခံပါမည်။

(၄) အာမခံသက်တမ်းမှာ (၁) နှစ် ဖြစ်ပြီး ကျသင့်ပရီမီယံကို တစ်ကြိမ်တည်း ပေးသွင်းရပါမည်။

(၅) ပရီမီယံပေးသွင်းသည့်နေ့တွင် အာမခံစတင်ပါမည်။

(၆) သက်တမ်းမကုန်ဆုံးမီ သက်တမ်း ဆက်လက်တည်မြဲစေရန် ဆောင်ရွက်ရပါမည်။

(၇) အာမခံထားသူများစာရင်းတွင်ပါသော အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်မှ အပြီးထွက်သွားလျှင်သော်လည်းကောင်း၊ ထုတ်ပယ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ယင်းနေ့ရက်နောက်ပိုင်းဖြစ်ပေါ်လာသော သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းအတွက် အကျိုးခံစားခွင့်မရှိတော့ပါ။

(၈) စုပေါင်းအသက်အာမခံထားသည့် အလုပ်သမားသည် သက်တမ်းအတွင်း သေဆုံးခြင်း၊ ဒဏ်ရာရခြင်းဖြစ်ပါက တစ်လအတွင်း ရောမြန်မာအသက်အာမခံကုမ္ပဏီလီမိတက်သို့ သတင်းပေးပို့ရမည်။